# ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ရှေ့နေချုပ် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၄]

ဒေအာက်ပါအတိုင်း ဒေက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ရှေ့နေချုပ် (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင်'' အဆိုပါအက်ဥပဒေ ''ဟုရည်ညွှန်းသည့် ၁၉၄၈ ခုနှစ်၊ နိုင်ငံတော်ရှေ့နေချုပ် အက်ဥပဒေပုဒ်မ ၇ တွင် '' နိုင်ငံတော်စာရင်းစစ်ချုပ် ''ဆိုသည့် စကားရပ်အစား '' လွှတ်တော်တရားဝန်ကြီးတဦး ''ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၉ နောက်တွင် အောက်ပါပုဒ်မကိုပုဒ်မ ၁၀ အဖြစ်ဖြင့်ထည့်သွင်းရမည်။

နိုင်ငံတော် ရှေ့နေချုပ် မရှိခိုက် ခေတ္တ နိုင်ငံတော် ရှေ့နေချုပ်က ဆောင်ရွက်ခြင်း။

'' ၁၀။ ။ဤအက်ဥပဒေဖြင့်၊ သို့တည်းမဟုတ် အခြားတည်ဆဲတရားဥပဒေတရပ်ရပ်ဖြင့်၊ နိုင်ငံတော်ရှေ့နေချုပ်အားဆောင်ရွက်ရန် အပ်နှင်းထားသည့်၊ သို့တည်းမဟုတ် နိုင်ငံတော်ရှေ့နေချုပ် ဆောင်ရွက်ရန် လိုအပ်သည့် အလုပ်ဝတ်တရားများကို၊ နိုင်ငံတော် ရှေ့နေချုပ် ရာထူး လစ်လပ်လျှင်သော်၎င်း၊ နိုင်ငံတော်ရှေ့နေချုပ်အလုပ်ခွင်၌မရှိသောကြောင့်၊ သို့တည်းမဟုတ် မကျန်းမမာသောကြောင့် မဆောင်ရွက်နိုင်လျှင်သော်၎င်း၊ခေတ္တနိုင်ငံတော်ရှေ့နေချုပ်ကဆောင်ရွက်နိုင်သည်။ ''

ပ၊မ၊ဗ၊စ၊—အမှတ် ၃၂၊ တရားရေး၊ ၉-၁၂-၅၃—၂,၀၀၀—၂။
အဘိုး—၁၀ ပြား]